**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# Burma's Weekly Political News Summary (088/2011)

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၈၈/၂၀၁၁)

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့မှ ၂၀၁၁ ခုနှစ် အောက်တိုဘာလ (၀၁) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရှိသည့် ဘုန်ကြီးကျောင်းများမှ သံဃာတော်များကို ရွှေဂါရောင် သံဃာ့လှုပ်ရှားမှု အရေးတော်ပုံကြီး ၄ နှစ်ပြည့်သည့် စက်တင်ဘာ ၂၇ ရက်နေ့တွင် အရေးတော်ပုံနေ့ အထိမ်းအမှတ် တစုံတခု ပြုလုပ်ခြင်း သို့မဟုတ် အပြင်ထွက် စီတန်းလမ်းလျှောက်ခြင်းများ မပြုလုပ်ရန် ဒေသခံအာဏာပိုင်များမှ ယခုရက်ပိုင်းအတွင်း လိုက်လံသတိပေးပြီး လုံခြုံရေး တိုးချထားသည်။ (VOA 250911) Read More...
- မြန်မာနိုင်ငံတွင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို မြန်ဆန် တိုးတက်လာစေရန်အတွက် အနောက်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေး အရေးယူ ပိတ်ဆို့မှုများကို ပယ်ဖျက်ပေးရန် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က စက်တင်ဘာ ၂၆ ရက်နေ့က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တောင်းဆိုလိုက်သည်။ (VOA 270911) Read More...
- မြန်မာနိုင်ငံသားများ မှတ်ပုံတင်ရရန် အလွန်ဆုံး ကြာမြင့်ချိန် ၂၈ ရက်နှင့် ကုန်ကျစရိတ်ကို ၆ ကျပ်သတ်မှတ်ထားသော်လည်း ငွေပေးပြီး လာဘ်ထိုးရသည်ဆိုသည့်ကိစ္စများ တိုင်တန်းမှုများရှိလာပါက အရေးယူသွားမည်ဟု လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးခင်ရီက ပြောသည်။ (BBC 280911) Read More...
- မြန်မာနိုင်ငံတွင် အကျဉ်းသားအချို့ကို မကြာခင် ပြန်လွှတ်ပေးရန်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က စက်တင်ဘာ ၂၆ ရက်နေ့ ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ပြောဆိုလိုက်သည်။ (BBC 280911) Read More...
- ရန်ကုန်တိုင်းဒေသကြီး တိုးမြှင့်ပင်စင်အမှုတွဲများ လျင်မြန်စွာဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး တိုးမြှင့်ပင်စင်လစာ အမှုတွဲများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး အစည်းအဝေးတွင် ပြောကြားခဲ့သည်။ (EMG 280911) Read More...
- ၂၀၁၂ ခုနှစ် အာဆီယံ ရဲတပ်ဖွဲ့ (ASEANPOL) ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ရဲမေများအဖြစ် အသက် ၂၃ နှစ်အောက် အခြေခံပညာအထက်တန်းအောင် အိမ်ထောင်မရှိသူ (အပျို) နှင့် ဆေးအဆင့် 'က' ရှိရမည် ဖြစ်ပြီး အရပ်အမြင့် ငါးပေ လေးလက်မ ရှိသူများကို ခေါ်ယူနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (The Voice 300911) Read More...
- ဧရာဝတီမြစ်ဆုံ တည်ဆောက်ရေး စီမံကိန်းအား လက်ရှိအစိုးရ သက်တမ်းတွင် ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သမ္မတ ဦးသိန်းစိန်က ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ စက်တင်ဘာ ၃၀ ရက်နေ့က သဝဏ်လွှာပေးပို့ ပြောဆိုလိုက်သည်။ (Irrawaddy 300911) Read More...

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- စက်တင်ဘာ ၂၉ ရက်နေ့က ချင်းပြည်နယ် ဟားခါးနှင့် ထန်တလန်မြို့ပေါ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအား မြို့တော်ခန်းမတွင် ခေါ်ယူကာ ဌာနအတွင်း လုပ်ငန်းနှင့် ပတ်သက်၍ မတရားလုပ်ဆောင်မှုများအပေါ် ဝန်ကြီးချုပ် ဟုန်ငိုင်က စစ်ဆေးမေးမြန်းမှုပြုလုပ်ခဲ့ကြောင်း ဟားခါးမြို့နယ် CNP တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ (Khonumthung 011011) Read More…

### ကြံ့ဖွံ့ပါတီ

- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်မှုမရှိပါက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပါအဝင် ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများကို ကြံ့ဖွံ့ပါတီ USDP က ထောက်ခံသွားမည်ဟု USDP အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြောဆိုလိုက်သည်။ (BBC 290911) Read More…

### တပ်မတော်

#### (က) စစ်ဆင်ရေးများ

- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တပ်မဟာ (၄) နယ်မြေအတွင်း အစိုးရတပ်များမှ အင်အားများဖြည့်တင်းပြီး လက်နက်ကြီးပစ်ကူမှုများနှင့်အတူ ရှေ့တိုးထိုးစစ်များကို စက်တင်ဘာ ၂၃ ရက်နေ့က စတင်လာခဲ့သည့်အတွက် ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်နယ်မှ ထောင်နှင့်ချီသော ဒေသခံများက တရုတ်-မြန်မာ နယ်စပ်ဘက်ကို ထွက်ပြေးတိမ်းရှောင်နေကြသည်။ (RFA 250911) Read More…
- မြန်မာအစိုးရကို လက်နက်ကိုင် တော်လှန်နေသည့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း SSA-N တပ်များကို အစိုးရတပ်မှ တောနင်းရှာဖွေလျက်ရှိကြောင်း SSA-N ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူး စိုင်းလက ပြောသည်။ (Mizzima 260911) Read More…
- သျှမ်းပြည် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် လွယ်ကန်ဒေသရှိ KIA တပ်မဟာ ၄ ဌာနချုပ်အား အစိုးရတပ်များက စက်တင်ဘာ ၂၄ ရက်နေ့ ညနေပိုင်းမှစ၍ ထိုးစစ်ဆင်တိုက်ခိုက်နေရာ နှစ်ဖက်တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေပြီး လွယ်ကန်နှင့်နေ့ဝက်ခန့်သွားရသည့် တလိုင်းရွာသို့ အစိုးရတပ်များရောက်ရှိနေကြောင်း KIA သတင်းရပ်ကွက်က ပြောသည်။ (S.H.A.N 260911) Read More…, NMG…
- မြန်မာအစိုးရ တပ်အင်အား ၈၀၀ ကျော်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တပ်မဟာ ၄ လက်အောက်ခံတပ်များ တိုက်ပွဲလေးရက်ကြာ ဖြစ်ပွားနေပြီး အစိုးရတပ်များမှ ထိုးစစ်ဆင်လာခြင်းကြောင့် အပစ်ခတ်ရပ်စဲရေး မလွယ်ကူတော့ကြောင်း KIO ပြောခွင့်ရ ဦးလနန်က ပြောသည်။ (Mizzima 260911) Read More…
- အစိုးရ စစ်တပ်က တပ်ရင်း ၁၀ ရင်းဖြင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်မဟာ ၄ လက်အောက်ခံ KIA တပ်ရင်း ၉ ကို လွှန်ခဲ့သည့်ရက်ပိုင်းအတွင်း လက်နက်ကြီးများနှင့် ထိုးစစ်မှုများ ပိုမိုတိုးမြှင့်လာပြီးနောက် စက်တင်ဘာ ၂၅ ရက်နေ့က သိမ်းယူလိုက်သည်ဟု KIO တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (BBC 260911) Read More…
- ရှမ်းပြည်မြောက်ပိုင်း လွယ်ကန်အခြေစိုက် KIA တပ်မဟာ ၄ ဌာနချုပ်အား မြန်မာအစိုးရတပ်က ယနေ့ စက်တင်ဘာလ ၂၇ ရက်နေ့ ညနေ ၄ နာရီခွဲတွင် သိမ်းပိုက်လိုက်သည်ဟု ယင်းဒေသမှ KIA အရာရှိများက ပြောသည်။ (KNG 270911) Read More…
- ကချင်ပြည်နယ် တောင်ဘက် ရှဒန်ပါ (Shadan Pa) တွင် စက်တင်ဘာ၂၇ ရက်နေ့ ညနေပိုင်းတွင် မြစ်ကြီးနားဘက်မှ မြန်မာအစိုးရစစ်အင်အား ၃၀၀ နီးပါး စစ်ကြောင်းထိုး ဝင်ရောက်လာနေကြောင်း KIA အရာရှိများက ပြောသည်။ (KNG 280911) Read More…
- ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်ဒေသရှိ ကချင်ပြည် လွတ်မြောက်ရေး တပ်မတော် တပ်မဟာ (၄) ဒေသအတွင်း KIA နှင့် အစိုးရတပ်ဖွဲ့တို့ တိုက်ပွဲများ ဖြစ်ပွားနေစဉ် ဌာနချုပ် လိုင်ဇာမြို့သို့ ထိုးစစ်ဆင်လာမည့် အနေအထားများ တွေ့ရကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်ကပြောသည်။ (NMG 290911) Read More…
- ရှမ်းပြည်မြောက်ပိုင်း၊ မန်တုံမြို့နယ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIA) တပ်ရင်း (၈) အား ၆ ရက်ကြာ ထိုးစစ်ဆင်လာချိန် မြန်မာအစိုးရတပ်သား အနည်းဆုံး ၁၅၀ ကျဆုံးသည်ဟု ထွက်ပြေးလာသည့် ပေါ်တာများနှင့် KIA အရာရှိများက ပြောသည်။ (KNG 290911) Read More…

## (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် KIA ကို အပြင်းအထန် ဆက်လက်ထိုးစစ်ဆင်နေသည့် အစိုးရတပ်များက ကချင်ပြည်နယ် ဝိုင်းမော်မြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ဆင့်ခေါ်ပြီး ပေါ်တာအထမ်းသမား ၅၀ ခန့် ရှာပေးရန် တောင်းဆိုခဲ့သဖြင့် ယင်းအုပ်ချုပ်ရေးမှူးများမှ ကိုယ့်အစီအစဉ်နှင့်ကိုယ် ရှာဖွေရန် စစ်တပ်ကို အကြောင်းပြန်ခဲ့သည်ဟု မြို့ခံများက ပြောသည်။ (BBC 300911) Read More...

## လွှတ်တော်များ

- ပြည်ထောင်စု အစိုးရအဖွဲ့မှ တင်သွင်းထားသည့် ပြည်သူများ ငြိမ်းချမ်းစွာ စုရုံးဆန္ဒပြခွင့်ဆိုင်ရာ ဥပဒေမူကြမ်းကို ပြည်ထဲရေးဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုက စက်တင်ဘာ ၂၆ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လာရောက်ရှင်းပြခဲ့ပြီး ယင်းမူကြမ်း ပြင်ဆင်ချက်အဆိုတင်သွင်းမှုကို စက်တင်ဘာ ၂၉ ရက်နေ့အထိ နောက်ဆုံးရက်သတ်မှတ်ထားသည်ဟု ပြည်သူ့လွှတ်တော် အမတ် ဦးကြည်မြင့်က ပြောသည်။ (RFA 260911) Read More...
- ပြည်ထဲရေး ဝန်ကြီးဌာနမှ တင်သွင်းသည့် 'ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်' ဥပဒေမူကြမ်းတွင် ပါရှိသည့် ဆန္ဒထုတ်ဖေါ်ခွင့်နေရာ ကန့်သတ်ထားချက်ကို အောက်လွှတ်တော် ဥပဒေမူကြမ်း ကော်မတီမှ ဖြုတ်ပစ်လိုက်သည်ဟု လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 270911) Read More...
- ရခိုင်ပြည်နယ်မှ ကမ်းလွန်ဒေသမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ စာချုပ်စာတမ်းဖြင့် ရောင်းချထားသော ကြောင့် ပြည်နယ်တွင်း မီးလင်းရေး အသုံးပြုရန် မဖြစ်နိုင်ကြောင်း ရခိုင်ပြည်နယ် ကျောက်ဖြူမဲဆန္ဒနယ် လွှတ်တော်အမတ် ဦးဘရှင်၏ အမေးကို စွမ်းအင်ဝန်ကြီးက ပြန်လည်ဖြေကြားလိုက်သည်။ (DVB 270911) Read More...
- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခင်ဗဟိုအဖွဲ့က လုပ်ကိုင်ခွင့်ကို ခွင့်ပြုချထားပေးခဲ့သော မြေလွတ် မြေရိုင်းများကို သတ်မှတ်ထားသည့် ကာလအတွင်း စည်းကမ်းချက်နှင့်အညီ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိခဲ့ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ်စိုက်ပျိုး လုပ်ကိုင်မည့်သူများသို့ အသုံးပြုခွင့် ပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင်င် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြောကြားခဲ့သည်။ (EMG 270911) Read More...
- တပ်မတော်သား လွှတ်တော်အမတ်တဦးက မြန်မာဟူသည့် ဝေါဟာရကို အကန့်အသတ်ဖြင့်သုံးစွဲရန် ဥပဒေပြုနိုင်ရေးအဆိုကို စက်တင်ဘာ ၂၈ ရက်နေ့က အောက်လွှတ်တော်တွင် တင်သွင်းခဲ့ရာ မဲအရေအတွက် ၁၀၀ ကျော် အကွာဖြင့် ရှုံးနိမ့်ခဲ့သည်ဟု လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 280911) Read More...
- မြန်မာနိုင်ငံတွင် ပိတ်ထားဆဲဖြစ်သည့် တက္ကသိုလ်ကျောင်းဆောင်များကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးကြောင်း ပညာရေးဝန်ကြီး ဒေါက်တာမြအေးက စက်တင်ဘာ ၂၈ ရက်နေ့ အမျိုးသား လွှတ်တော်အစည်းအဝေးတွင် ပြောဆိုလိုက်သည်။ (RFA 290911) Read More...
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ် အလုပ်သမား အဖွဲ့အစည်း ဆိုင်ရာ ဥပဒေမူကြမ်းကို ပြင်ဆင်ချက်အနည်းငယ်ဖြင့် စက်တင်ဘာ ၂၈ ရက်နေ့က အတည်ပြုလိုက်သည်ဟု အမျိုးသား လွှတ်တော် အမတ်တစ်ဦးဖြစ်သူ ဒေါက်တာ အေးမောင်က ပြောသည်။ (RFA 290911) Read More...
- ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အသေးစားချေးငွေလုပ်ငန်းကို ကြီးမားစွာ ထိခိုက်နိုင် သည့် ချဲထီနှင့် ဘောလုံးပွဲလောင်းခြင်းအပါအဝင် လောင်းကစားခြင်းများ ကင်းစင်ပပျောက်သွားစေရန် လူထုလှုပ်ရှားမှုအပါအဝင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို အမျိုးသားလွှတ်တော်မှ စက်တင်ဘာလ ၂၆ ရက်နေ့က အတည်ပြုလိုက်သည်။ (Myanmar Times Vol.27, No.537 290911) Read More...
- နိုင်ငံသားစိစစ်ရေး ကတ်ပြားတွင် ကာယကံရှင်၏ လူမျိုးအမည်ရေးသွင်းခြင်းအပါအဝင် အချက်အလက်တစ်ခုခု၌ အကြောင်း တစ်ခုခုကြောင့် အမှန်တကယ် မှားယွင်းခဲ့သည့်အတွက် ကာယကံရှင်အဖို့ နစ်နာချက်များရှိနေပါက ပြင်ဆင်၍ရနိုင်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက စက်တင်ဘာလ ၂၃ ရက်နေ့ ပြည်သူ့ လွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့သည်။ (Myanmar Times Vol.27, No.537 290911) Read More...
- နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအား ထောက်ပံ့ခြင်းနှင့်ပတ်သက်၍ ဥပဒေပြဌာန်းရန် မလိုအပ်သော ကြောင့် ပြဌာန်းရန်အစီအစဉ်မရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက စက်တင်ဘာလ ၂၆

ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (Myanmar Times Vol.27, No.537 290911) Read More...

## အခြားနိုင်ငံရေးပါတီများ

- ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်းနှင့် ပတ်သက်၍ စဉ်းစားဆုံးဖြတ်ရာတွင် လွှတ်တော်တွင်သာမက ပြည်သူတရပ်လုံး ပါဝင်နိုင်သည့် ဆန္ဒခံယူသော နည်းလမ်းဖြင့် ဆောင်ရွက်သင့်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု (NDF) က အစိုးရကို စက်တင်ဘာ ၂၇ ရက်နေ့တွင် တိုက်တွန်းလိုက်သည်။ (Irrawaddy 280911) Read More...
- မြစ်ဆုံရေကာတာ စီမံကိန်းရပ်ဆိုင်းရေး လက်မှတ်ထိုး လှုပ်ရှားမှုတွင်ပါဝင်သူ အမျိုးသား ဒီမိုကရေစီ အင်အားစု NDF ပါတီဝင် ဒေါ်သောက်ဂျာကို ရဲတပ်ဖွဲ့က ဖမ်းမည်ဆိုသည့် သတင်းရသဖြင့် ရှောင်တိမ်းနေရသည်ဟု ဒေါ်သောက်ဂျာက ပြောသည်။ (Mizzima 290911) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- ဧရာဝတီမြစ်ဆုံရေကာတာ အလိုမရှိကြောင်းနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး ၃ ရက်တာ လက်မှတ်ထိုး လှုပ်ရှားမှုကို ရန်ကုန်တိုင်းအတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလနှင့် ဆိပ်ကြီးခနောင် စသည့် ၅ မြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင်များက စက်တင်ဘာ ၂၄ ရက်နေ့က စတင်ဆောင်ရွက်ရာတွင် နယ်မြေခံရဲတပ်ဖွဲ့ဝင်များမှ ခေါ်ယူစစ်ဆေးခြင်းများခံခဲ့ရသည်ဟု မေးမြန်းခြင်းခံခဲ့ရသူ တွံတေးမြို့အဖွဲ့ချုပ်ဝင် ဦးအောင်ဖေက ပြောသည်။ (DVB 250911) Read More...
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် တွေ့ဆုံဆွေးနွေးရေး မူဝါဒအပေါ် အခြေခံသည့် ပျော့ပြောင်းသော နည်းလမ်းဖြင့် နိုင်ငံရေးပြဿနာများကို ညှိနှိုင်းဖြေရှင်းသွားမည်ဖြစ်ပြီး NLD က လုပ်ဆောင်မည့် နိုင်ငံရေးလမ်းစဉ်များကို ပြည်သူလူထုထံ အသိပေးသွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ (Irrawaddy 270911) Read More...
- တွေ့ဆုံဆွေးနွေးရေးနှင့် အကြမ်းမဖက်ရေး လမ်းစဉ်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ မူများဖြစ်ပြီး ယင်းမူများ အပေါ်တွင် အခိုင်အမာရပ်တည်၍ ပြောင်းသာပြင်သာရှိသောအနေအထားနှင့် ဆက်လုပ်သွားမည်ဟု မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က NLD တည်ထောင်ခြင်း ၂၃ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောဆိုလိုက်သည်။ (VOA 270911) Read More...
- နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲများ ကျင်းပနေမှုအပေါ် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လုပ်ရပ်ကောင်းတစ်ခုအဖြစ် ရှုမြင်ကြောင်း The Voice Weekly သို့ ပြောကြားလိုက်သည်။ (The Voice 270911) Read More...
- ပြောင်းလဲလာသည့် နိုင်ငံရေး အခြေအနေနှင့်အညီ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ပါတီတရားဝင် မှတ်ပုံတင်ရန်ကိစ္စကို တရားဝင်ဆုံးဖြတ်ချက် မချရသေးသော်လည်း နိုင်ငံရေးလုပ်ငန်းစဉ်ထဲမှ အဓိကအချက်အနေဖြင့် ထည့်သွင်း စဉ်းစားနေကြောင်း အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောသည်။ (RFA 290911) Read More..., Mizzima...
- လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနှင့် အစိုးရမှ လက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေသည့် ကိစ္စများကို အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရ ကိုယ်စားလှယ် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်တို့ စက်တင်ဘာ ၃၀ ရက်နေ့က ဆွေးနွေးခဲ့ကြသည်။ (Mizzima 300911) Read More..., Irrawaddy...

### (ခ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- သမ္မတဦးသိန်းစိန် အစိုးရအနေဖြင့် ဒီမိုကရေစီဖော်ဆောင်နေသည့် အရပ်သားအစိုးရအဖြစ် လူထုကမှ ယုံကြည် လက်ခံစေလိုပါက ဖမ်းဆီးထားသည့် သံဃာတော် ၂၂၂ ပါးအပါအဝင် နိုင်ငံရေး အကျဉ်းသားများကို ဦးစွာလွှတ်ပေးရန်လိုအပ်ကြောင်း ရွှေဝါရောင်

တော်လှန်ရေး (၄) နှစ်ပြည့်သည့် အခါသမယတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက ကြေညာချက်ထုတ်ပြန်လိုက်သည်။ (RFA 250911) Read More...

- လွန်ခဲ့သည့် ဧပြီလကုန်ပိုင်းခန့်မှ စတင်လှုပ်ရှားခဲ့သည့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုတွင် လက်မှတ်ပေါင်း တစ်သိန်းကျော် ကောက်ခံရရှိခဲ့ပြီး ၎င်းတို့ကို သမ္မတ ဦးသိန်းစိန်ထံ လိပ်မူပြီး စက်တင်ဘာ ၂၅ ရက်နေ့တွင် ပေးပို့မည်ဟု ဦးဆောင် စီစဉ်သူတစ်ဦးဖြစ်သည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမြို့မင်းသိန်းက ပြောသည်။ (RFA 250911) Read More...
- ရန်ကုန်မြို့တော်ခန်းမအနီးတွင် ကျင်းပမည့် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးဆုတောင်းပွဲတရပ်ကို သွားရောက်မည့် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးကွန်ရက်အဖွဲ့ဝင် ၄၀၀ ကျော်ခန့် နဝဒေးရုပ်ရှင်ရုံအနီးတွင် ရဲတပ်ဖွဲ့ဝင်များက တားဆီးလိုက်ပြီး ၎င်းတို့ စီးနင်းလိုက်ပါလာမည့် ဘီအမ်ဟီးနိုးကား ၃ စီးကိုလည်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရာလမ်းတွင် တားဆီးလိုက်သည်ဟု ဆုတောင်းပွဲကို ဦးဆောင်သူတစ်ဦးဖြစ်သည့် နော်အုန်းလှက ပြောသည်။ (DVB 260911) Read More...
- နိုင်ငံရေးအကျဉ်းသား အားလုံးလွတ်မြောက်ရေး ဆုတောင်းပွဲတစ်ရပ်ကို အင်္ဂါဝတ်ပြု ဆုတောင်းအဖွဲ့က စက်တင်ဘာ ၂၇ ရက်နေ့တွင် ရွှေတိဂုံဘုရားရင်ပြင်တော်၌ လူအင်းအား ၄၀ ကျော်ခန့်နှင့်အတူ ကျင်းပပြုလုပ်ခဲ့ရာတွင် အေးချမ်းစွာပြီးဆုံးခဲ့သော်လည်း အစိုးရ လုံခြုံရေး အဖွဲ့ဝင်များက ယခင်ကထက် ပိုမို စောင့်ကြည့်နေခဲ့သည်ဟု ဒေါ်ခင်ဝင်းကြည်က ပြောသည်။ (RFA 270911) Read More...

(ဂ) မီဒီယာ

- ဧရာဝတီ မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်ပြီး အစိုးရအတွင်း သဘောထားကွဲလွဲမှု ကြီးကြီးမားမား ရှိနေသည့်အပြင် ပြည်သူများက မြစ်ဆုံစီမံကိန်း ဆက်လက်လုပ်ဆောင်ခြင်း မပြုရန် ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုမှုများ ရှိလာချိန် စာပေစိစစ်ရေးက သတင်းဂျာနယ်များတွင် မြစ်ဆုံစီမံကိန်းအပေါ် ဝေဖန်ရေးသားမှု တချို့ကို စတင် ဖြုတ်ပယ်လာကြောင်း ရန်ကုန်အခြေစိုက် သတင်းအယ်ဒီတာတဦးက ပြောသည်။ (Irrawaddy 260911) Read More...

တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- တရုတ်-မြန်မာနယ်စပ်အနီးရှိ နံ့ဖတ်ကာမြို့အခြေစိုက် အစိုးရတပ် ခလရ (၁၂၃) ကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်မဟာ (၄) လက်အောက်ခံတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၄ ရက်နေ့ ညဦးပိုင်းတွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု KIA ဗိုလ်မှူးကြီး ဇော်ရော်က ပြောသည်။ (RFA 250911) Read More...
- အစိုးရသစ်၏ မွန်ပြည်သစ်ပါတီ NMSP နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် မကြာသေးခင်အတွင်း NMSP အဖွဲ့ဝင်ဟောင်းများ ပါဝင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့ကို ဖွဲ့စည်းလိုက်မှုတွင် တရားဝင်ဆက်သွယ်လာခြင်းမရှိသေးကြောင်းနှင့် ကမ်းလှမ်းလာမည်ဆိုပါကလည်း တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) နှင့် တွေ့ဆုံရန်ကိုသာ လမ်းညွှန်မည်ကြောင်း NMSP နိုင်ငံခြား ဆက်ဆံရေးဌာန ပြောခွင့်ရသူ နိုင်ဟံသာဘုံခိုင်က ပြောသည်။ (DVB 260911) Read More...
- ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် ယမန်နေ့က ကရင်တပ်ပူးပေါင်းတပ်ဖွဲ့များသည် ကြောင်လျှာကုန်းရှိ အစိုးရ စစ်တပ်များအား ဝင်ရောက်ပစ်ခတ်ခဲ့ရာ အစိုးရတပ်ဘက်က ၄ ဦးသေဆုံးခဲ့သည်ဟု ကရင်တပ်ဖွဲ့ဘက်က ပြောသည်။ (KIC 260911) Read More...
- ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ် မြို့သစ်တွင် စိုက်ထူထားသော ဆက်သွယ်ရေးမျှော်စင်ရုံးအား ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) က စက်တင်ဘာ ၂၅ ရက် ညနေပိုင်းမှ ဝင်သိမ်းလိုက်သည်။ (KNG 260911) Read More...
- သျှမ်းပြည် (မြောက်ပိုင်း) အတွင်းရှိ KIA (၈) အခြေစိုက်ရာ မန်တုံမြို့နယ်အတွင်း၌ KIA နှင့် SSA/SSPP ပူးပေါင်းတပ်ဖွဲ့များနှင့် အစိုးရတပ်တို့အကြား စက်တင်ဘာ ၂၇ ရက်နေ့ပိုင်းမှစ၍ ယနေ့အထိ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားနေကြောင်း SSA/SSPP အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 280911) Read More...
- ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP ခေါင်းဆောင်များနှင့် အစိုးရကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးချိန်တွင် ဝ အနေဖြင့် ကချင်နှင့်သျှမ်းလက်နက်ကိုင်များအပေါ် ထိုးစစ်ဆင်နေသည့်ကိစ္စများ ထည့်သွင်းဆွေးနွေးသင့်ကြောင်း တရုတ်နယ်စပ်စစ်ရေး၊ နိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇောက ထောက်ပြပြောင်းဆိုလိုက်သည်။ (S.H.A.N 290911) Read More...

- ရှမ်းပြည်မြောက်ပိုင်း မူဆယ်မှ မုန်းကိုဒေသသို့ ဦးတည်လာသော မြန်မာအစိုးရစစ်ကား (၃) စီးအား လမ်းခုလတ်တွင် KIA မှ စက်တင်ဘာ ၃၀ ရက်နေ့က တိုက်ခိုက်ခဲ့ရာ မြန်မာစစ်သား (၄) ဦး ကျဆုံးကာ (၅) ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများပြောသည်။ (KNG 300911) Read More...
- ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် မြန်မာစစ်အစိုးရတပ်အကြား စက်တင်ဘာ ၃၀ ရက်နေ့ မွန်းလွဲ ၃ နာရီကျော်၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲတစ်ခုတွင် စစ်ထောက်လမ်းရေး စစ်ဖက်ရေးရာလုံခြုံအဖွဲ့ (စရဖ) တပ်ဖွဲ့ဝင်တစ် ကျဆုံးခဲ့ကြောင်း မျက်မြင်သက်သေများ ပြောသည်။ (KNG 300911) Read More...
- စက်တင်ဘာလ ၂၈ ရက်နေ့က ကရင်ခရစ်ယာန် သင်းအုပ်ဆရာများနှင့် ဗုဒ္ဓဘာသာ သံဃာတော်များ ပါဝင်သည့်စေ့စပ်ရေး အဖွဲ့တစ်ဖွဲ့ ကရင်အမျိုးသားအစည်းအရုံး KNU ထံ လာရောက်ကာ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခဲ့မှုအပေါ် KNU အနေဖြင့် "ညီညွတ်သော တိုင်းရင်းသား ဖယ်ဒရယ်ကောင်စီ" UNFC က ချမှတ်ထားသည့်မူအတိုင်း တပြည်လုံးအတိုင်းအတာဖြင့် ဆွေးနွေးရန်သာ လိုလားကြောင်း ပြန်လည်တုန့်ပြန်ခဲ့ကြောင်း KNU အဖွဲ့ တွဲဘက်အတွင်းရေးမှူး ဗိုလ်မှူးစောလှငွေက ပြောသည်။ (RFA 011011) Read More...
- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က ကချင်ပြည်နယ်တွင် အပစ်အခတ်ချုပ်ငြိမ်းစေမည့် ထာဝရငြိမ်းရေး ရရှိရေးအတွက် စက်တင်ဘာလ၂၆ ရက်နေ့ နေ့စွဲဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ပထမအကြိမ်အဖြစ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ ပန်ကြားစာပေးပို့လိုက်သည်။ (BBC 011011) Read More...

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- ရွှေဝါရောင်တော်လှန်ရေး (၄)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ထိုင်း-မြန်မာနယ်စပ် မဲဆောက်နှင့် အုန်းပျန့် ဒုက္ခသည်စခန်း တို့တွင် ရွှေဝါရောင်တော်လှန်ရေးအတွင်း ပါဝင်ခဲ့သည့် သံဃာတော်များနှင့် ကျောင်းသားလူငယ်များ စုပေါင်းကျင်းပခဲ့သည်ဟု သံဃာ့တပ်ပေါင်းစု နိုင်ငံခြားရေးရာ တာဝန်ခံ ဦးဣန္ဒာသာရိယက မိန့်ကြားလိုက်သည်။ (RFA 260911) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် နည်းပရိယာယ်ပေါင်းစုံ ကျင့်သုံးဆောင်ရွက်သင့်ကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) က အကြံပြု ပြောကြားလိုက်သည်။ (Mizzima 270911) Read More...
- ရွှေဝါ ရောင်တော်လှန်ရေး လေးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၇ ရက်နေ့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် မြန်မာ့မိတ်ဆွေများ အဖွဲ့၊ မိတ်ဆွေကောင်းစာကြည့်တိုက်အဖွဲ့၊ အမျိုးသမီးအဖွဲ့အစည်း၊ တိုင်းရင်းသားလူမျိုးအဖွဲ့အစည်း၊ နိုင်ငံရေးလှုပ်ရှား နေသည့်အဖွဲ့များ၊ ထိုင်းတက္ကသိုလ်ကျောင်းသားများအဖွဲ့၊ ထိုင်းလူ့အခွင့်အရေးဖွဲ့နှင့် ရွှေ့ပြောင်းအလုပ်သမား စသည့်အဖွဲ့ ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ အပါအဝင်အင်အား ၁၅၀ ခန့်က ပူပေါင်းပြီး စီတန်းလမ်းလျှောက် ဆန္ဒပြခဲ့ကြသည်။ (DVB 270911) Read More...
- မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသများရှိ ထိုးစစ်များ အမြန်ဆုံးရပ်ရန်နှင့် တွေ့ဆုံဆွေးနွေး အဖြေရှာမှုများ ပြုလုပ်ရန် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့(လွတ်မြောက်နယ်မြေ) MNDF(LA)မှ လိုလားကြောင်း ယနေ့ကျရောက်သည့် ၎င်းအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း ၃ နှစ်ပြည့် အထိမ်းအမှတ်နေ့တွင် ကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်သည်။ (KIC 280911) Read More...
- မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသား အရေအတွက်စာရင်းကို ပြန်လည်စိစစ်နေသည်ဟု ထိုင်းနိုင်ငံ အခြေစိုက်နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ AAPP-B တွဲဘက် အတွင်းရေးမှူး ဦးဘိုကြည်က ပြောသည်။ (Mizzima 290911) Read More...
- ထားဝယ်-ကန်ချနဘူရီ အဝေးပြေး လမ်းမ ဆောက်လုပ်ရေး ရပ်ဆိုင်းရန် တားမြစ်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ဧရာဝတီမြစ်ဆုံရေကာတာ တည်ဆောက်ရေး စီမံကိန်းအား ကန့်ကွက်ခဲ့သည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO)တို့၏ ဆောင်ရွက်မှုများကို ထောက်ခံကြောင်း ဂျပန်နိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် (LDB) မှ စက်တင်ဘာ ၂၉ ရက်နေ့က ကြေညာချက် နှစ်စောင် ထုတ်ပြန်ခဲ့သည်။ (KIC 300911) Read More...

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ AIPMC အနေဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို ဦးတည်သော ပြုပြင်ပြောင်းလဲမှုများကို အစိုးရမှ ဦးဆောင် ပြုလုပ်ရမည်ဟုသာ ယုံကြည်သောကြောင့် သမ္မတ ဦးသိန်းစိန်၏ အကြံပေးအဖွဲ့နှင့်

စက်တင်ဘာ ၂၆ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း AIPMC ဥက္ကဌ အင်ဒိုနီးရှား လွှတ်တော်အမတ် Eva Sundari က ပြောသည်။ (RFA 260911) Read More...

- ပြည်တွင်းစစ် ရပ်စဲရေးအတွက် ဂင်ရောက်ကူညီရန် ကချင် လွတ်လပ်ရေး အဖွဲ့ KIO က ကုလသမဂ္ဂသို့ တောင်းဆိုထားချိန်တွင် ကုလ အထွေထွေ အတွင်းရေးမှူး မစ္စတာ ဘန်ကီမွန်းက မြန်မာ့မိတ်ဆွေများအဖွဲ့ဂင်နိုင်ငံတို့နှင့် မြန်မာပြည်အရေး စက်တင်ဘာ ၂၇ ရက်နေ့တွင် ဆွေးနွေးကြမည်ဟု ပြောကြားလိုက်သည်။ (Irrawaddy 270911) Read More…
- မြန်မာနိုင်ငံတွင် တိုးတက် ပြောင်းလဲမှုများအတွက် အခွင့်အလမ်းများရှိနေသော်လည်း မြန်မာအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှု အတွက် လက်တွေ့ခြေလှမ်းလှမ်းသွားရန် လိုအပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) က စက်တင်ဘာ ၂၇ ရက်နေ့ မြန်မာမိတ်ဆွေနိုင်ငံများနှင့်အစည်းအဝေးအပြီးတွင် တိုက်တွန်းပြောဆိုလိုက်သည်။ (VOA 270911) Read More...
- ကုလသမဂ္ဂ UN အထွေထွေညီလာခံတွင် မြန်မာနိုင်ငံခြားရေးဂန်ကြီး ဦးဂဏ္ဏမောင်လွင် ပြောဆိုခဲ့သော အစိုးရသစ်၏ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်နေရာတွင် ရိုးရိုးအကျဉ်းသားများထက် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးမှုကသာ ဒီမိုကရေစီ ရေးပြောင်းလဲမှုအတွက် အရေးအကြီးဆုံးဖြစ်ကြောင်း UN ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူး တောမတ်စ် အိုဟေး ကင်တားနားက ပြောဆိုလိုက်သည်။ (VOA 270911) Read More...

## (ခ) အစိုးရ

- မြန်မာနိုင်ငံကို မကြာခင်ရက်ပိုင်းအတွင်း လာရောက်မည့် ထိုင်းဝန်ကြီးချုပ် မစ္စယင်လပ် ရှင်နာဝပ်သည် သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံပြီးနောက် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံရန်ရှိသည်ဟု အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက စက်တင်ဘာ ၂၅ ရက်နေ့တွင် အတည်ပြုပြောကြားလိုက်သည်။ (RFA 250911) Read More...
- ထိုင်း-မြန်မာနယ်စပ် မြန်မာနိုင်ငံ ဘက်ခြမ်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထိုင်းအစိုးရအနေဖြင့် အကူအညီပေးသွားရန်ရှိပြီး မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် အာဆီယံဉက္ကဌရာထူးကိုလည်း သဘောတူထားသည်ဟု ထိုင်းအစိုးရအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် Ms. Thitima Chaisang က ပြောသည်။ (RFA 270911) Read More...
- မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေးတွင် အမေရိကန် ဒေါ်လာ ၃ ဘီလျံအထိ နှစ်ဆတိုး ကြိုးပမ်းဆောင်ရွက်သွားကြရန် စက်တင်ဘာ ၂၆ ရက်နေ့က အိန္ဒိယ ကူးသန်းရောင်းဂယ်ရေးနှင့်စက်မှုဂန်ကြီး Anand Sharma က နှစ်နိုင်ငံ ပူးတွဲကုန်သွယ်ရေး ကော်မရှင်၏ စတုတ္ထအကြိမ်မြောက် စည်းဂေးပွဲတွင် ပြောကြားလိုက်သည်။ (RFA 270911) Read More...
- မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ်သည် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဂန်ကြီး ကာ့တ် ကမ့်ပ်ဘဲလ်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက် နိုင်ငံခြားရေးဂန်ကြီး မိုက်ကယ် ပေါ့စ်နာတို့နှင့်အတူ မြန်မာနိုင်ငံခြားရေးဂန်ကြီး ဦးဂဏ္ဏမောင်လွင်နှင့် စက်တင်ဘာ ၂၉ ရက်နေ့ နိုင်ငံခြားရေး ဂန်ကြီးဌာနတွင် တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေး ဂန်ကြီးဌာန ပြောခွင့်ရ မာ့ခ် တုန်နာ (Mark Toner) က ပြောသည်။ (VOA 290911) Read More...
- မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း ယာယီရပ်ဆိုင်းထားရန် မြန်မာသမ္မတ ဦးသိန်းစိန်၏ ဆုံးဖြတ်ချက်သည် သိသာထင်ရှားသည့် အပြုသဘောဆောင် ခြေလှမ်းတရပ်ဖြစ်သည့်အတွက် အမေရိကန်ပြည်ထောင်စုက ကြိုဆိုလိုက်ကြောင်း အမေရိကန် နိုင်ငံခြား ရေးဌာန ပြောခွင့်ရသူ Victoria Nuland က ဂါရှင်တန်ဒီစီ သတင်းစာရှင်းလင်းပွဲတရပ်တွင် ပြောဆိုလိုက်သည်။ (VOA 300911) Read More...
- စက်တင်ဘာလ ၂၉ ရက်နေ့က မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် သံအမတ်ကြီး ဒဲရစ်ခ် မစ်ချဲလ်နှင့် မြန်မာ နိုင်ငံခြားရေး ဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ ဝါရှင်တန်မြို့တော်တွင် တွေ့ဆုံခဲ့မှုနှင့်ပတ်သက်၍ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် ချမှတ် ကျင့်သုံးနေသည့် မူဝါဒ နှစ်မျိုးစလုံး အတိုင်း ဆက်လက် ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ အနီးကပ် ဆက်ဆံရေး မူဝါဒနှင့် အတူ ပိတ်ဆို့ အရေးယူမှုကိုလည်းဆက်၍ ကိုင်စွဲထားမည်ဖြစ် ကြောင်း အမည်မဖော်လိုသည့် အမေရိကန် နိုင်ငံခြားရေးဌာန အရာရှိတဦးက ပြောသည်။ (011011) Read More...
- မြန်မာနိုင်ငံ၏ မြစ်ဆုံစီမံကိန်းကိစ္စ ရပ်ဆိုင်းလိုက်ပြီဟု သမ္မတဦးသိန်းစိန်က ပြောဆိုလိုက်သည့်နောက် ၎င်းစီမံကိန်းတွင် ပါဂင် ပတ်သက်နေသည့် တရုတ်နိုင်ငံဘက်မှာမူ တရုတ်အမျိုးသားပိုင် ကုမ္ပဏီများ၏ အကျိုးစီးပွားနှင့် ဥပဒေရပိုင်ခွင့်ကို လေးစား ရန်နှင့် အကာအကွယ်ပေးရန် တရုတ်အစိုးရက မြန်မာအစိုးရကို တိုက်တွန်းတောင်းဆိုလိုက်သည်။ (VOA 011011) Read More..., DVB...

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာအစိုးရအနေဖြင့် ရဟန်းသံဃာများအပါအဝင် နိုင်ငံရေး အကျဉ်းသား အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန် အမေရိကန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ကြီး HRW က ၄ နှစ်ပြည့် ရွှေဝါရောင် သံဃာ့လှုပ်ရှားမှု နှစ်ပတ်လည်နေ့တွင် တောင်းဆိုလိုက်သည်။ (VOA 260911) Read More...
- လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည့် မြန်မာနိုင်ငံကို အမေရိကန်အစိုးရအနေဖြင့် ဦးဆောင်ပြီး အဆုံးသတ်စေရေးနှင့် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်ဖွဲ့စည်းရေးတို့အတွက် အအမေရိကန်ပြည်သူများ၏ လက်မှတ်ရေးထိုး တောင်းဆိုမှု စာလွှာပေါင်း ၁၃,ဂဂဂ ခန့်ကို သမ္မတ အိုဘားမားထံ အမေရိကန် ဝါရှင်တန်ဒီစီအခြေစိုက် US Campaign fo Burma က ပေးပို့လိုက်သည်။ (BBC 270911) Read More...
- အိန္ဒိယနိုင်ငံတွင် လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးအတွက် နှစ်ကြိမ်တိုင် အစာငတ်ခံ ဆန္ဒပြခဲ့သည့် အသက် ၇၄ နှစ်အရွယ် လူမှုပြုရေးသမားကြီး အင်နာ ဟဇာရီက ၎င်း၏ တိုက်ပွဲကို ထောက်ခံအားပေးခဲ့သည့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အထူးကျေးဇူးတင်ရှိပါကြောင်း ၎င်း၏ အင်တာနက် ဘလော့ စာမျက်နှာတွင် ဖော်ပြထားသည်။ (RFA 290911) Read More...

---

***End of report/ Saturday, October 01, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---